21 နာရီ 20 မိနစ် - မြန်မာစံတော်ချိန်
ဒေါ်အောင်ဆန်းစုကြည်နှင့် မစ္စတာ ဗီဂျေး နမ်ဘီယား တွေ့ဆုံ

ဒေါ်အောင်ဆန်းစုကြည်နှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်း၏ မြန်မာနိုင်ငံဆိုင်ရာ အထူး အကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေး နမ်ဘီယားကို ရန်ကုန်မြို့ တက္ကသိုလ် ရိပ်သာလမ်းရှိ နေအိမ်တွင် စနေနေ့ နိုဝင်ဘာ ၂၇ ရက်၊ ၂၀၁၀ ပြည့်နှစ်က တွေ့သည်။ စစ်အစိုးရ ခေါင်းဆောင်များကော အတိုက်အခံ ခေါင်းဆောင်နှင့်ပါ တွေ့ရန် ကုလ အထူးအကြံပေး ပုဂ္ဂိုလ်ဟာ နှစ်ရက်ကြာ ခရီးစဉ်ကို ယနေ့ စတင်ခြင်း ဖြစ်သည်။ မဇ္ဈိမ
တနင်္လာနေ့၊ နိုဝင်ဘာလ ၁၅ ရက် ၂၀၁၀ ခုနှစ် ၁၃ နာရီ ၁၉ မိနစ်
20 နာရီ 05 မိနစ် - မြန်မာစံတော်ချိန်
ဒေါ်စု လုံခြုံရေး အန်အယ်ဒီ စီစဉ်ထား  အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လုံခြုံရေးအတွက် အထူးသတိထားပြီး စီစဉ်ထားတယ်လို့ အနီးကပ် လုံခြုံရေး တာဝန်ယူသူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် - အန်အယ်ဒီ ပါတီဝင် လူငယ်ယောက်က ပြောပါတယ်။

"အဖွဲ့ချုပ်ရုံးကို ကျနော်တို့ ခေါင်းဆောင်လာရင် လုံခြုံရေးစည်းကို ၃ စည်းလောက် ချထားတယ်။ တကယ့် အနီးကပ်၊ ဒုတိယ၊ တတိယစည်း ရှိတယ်။ ရုံးရှေ့မှာ နောက်ထပ် တစည်း ပြန်ချတယ်။ မနေ့က တွေ့ကောင်း တွေ့ပါလိမ့်မယ်။ လူဦးရေအားကို ကျနော်တို့ လုံး၀ မနိုင်ဘူး။ လုံခြုံရေးက ဆက်ပြီးတော့ တိုးမြှင့်ဖို့ ရှိတယ်" လို့ အနီးကပ် လုံခြုံရေး တာဝန်ယူသူ ၁၄ ဦးထဲမှ ကိုညီညီအောင်က မဇ္ဈိမကို ပြောပါတယ်။ သူတို့အနေနဲ့ အသက်စွန့်ပြီး အကာအကွယ် ပေးသွားမယ်လို့ ဆိုပါတယ်။     12 နာရီ 25 မိနစ် - မြန်မာစံတော်ချိန်
ဒေါ်အောင်ဆန်းစုကြည် ပါတီတွင်းဆွေးနွေး  ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက်ပိုင်း ၁၀ နာရီချိန်တွင် ရန်ကုန်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရုံးချုပ်သို့ ရောက်ရှိလာပြီး တိုင်းနှင့် ပြည်နယ် အသီးသီးမှ ရောက်ရှိလာသော ဗဟိုကော်မတီအဖွဲ့ဝင်များ၊ ကိုယ်စားလှယ်များ၊ ဥပဒေ အထောက်အကူပြု အဖွဲ့ဝင်များ အားလုံး ၁၀၀ ကျော်တို့နှင့် တွေ့ဆုံ ဆွေးနွေးခဲ့သည်။

ထို့အပြင် ပါတီဒုဥက္ကဋ္ဌ ဦးတင်ဦးနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဦးဝင်းတင်တို့နှင့် သီးခြားတွေ့ဆုံ ဆွေးနွေးကြသည်။

နိုင်ငံခြားသတင်းထောက်များ၊ သံတမန်များနှင့်လည်း တွေ့ဆုံကြမည်ဟု ဦးအုန်းကြိုင်က ပြောသည်။     12 နာရီ 15 မိနစ် - မြန်မာစံတော်ချိန်

သတင်းရင်းမြစ် > thant
စနေနေ့၊ နိုဝင်ဘာလ ၂၇ ရက် ၂၀၁၀ ခုနှစ် ၂၁ နာရီ ၂၀ မိနစ်



[redacted]

သတင်းရင်းမြစ် > thant
စနေနေ့၊ နိုဝင်ဘာလ ၂၇ ရက် ၂၀၁၀ ခုနှစ် ၂၁ နာရီ ၂၀ မိနစ်



သတင်းရင်းမြစ် > thant
စနေနေ့၊ နိုဝင်ဘာလ ၂၇ ရက် ၂၀၁၀ ခုနှစ် ၂၁ နာရီ ၂၀ မိနစ်



သတင်းရင်းမြစ် > thant
စနေနေ့၊ နိုဝင်ဘာလ ၂၇ ရက် ၂၀၁၀ ခုနှစ် ၂၁ နာရီ ၂၀ မိနစ်



[တိုက်ရိုက်တင်ဆက်မှု အစီအစဉ် ယခင်ရက်များ]